# ပညာသင်ကြားရန် အခက်အခဲရှိသူများအား ကျောင်းပြင်ပ အလယ်တန်းပညာသင်ကြားပေးရန် စီစဉ်နေ

သတင်းရင်းမြစ် > အောင်ကိုဦး
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၀၉ နာရီ ၃၁ မိနစ်

မူလတန်းပညာသင်ကြားရန် အခက်အခဲရှိသူများကို ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNESCO)တို့ ပူးပေါင်းကာ ကျောင်းပြင်ပ ပညာရေးဖုန်များ ဖွင့်လှစ်ကာ ပညာသင်ပေးလျက်ရှိပြီး အလယ်တန်းအဆင့်ကို တိုးမြှင့်သင်ကြားနိုင်ရန် စီစဉ်နေကြောင်း မန္တလေးတိုင်းပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက မဇ္ဈိမကို ပြောသည်။

မူလတန်းအဆင့် ကျောင်းပြင်ပ ပညာရေးအတွက် "နှစ်" နှစ်အပြတ်ဖြင့် သင်ကြားနေပြီး အလယ်တန်းအဆင့်အား သုံးနှစ်ပြတ်ဖြင့် သင်ကြားနိုင်ရန် သင်ရိုးညွှန်းတမ်း ရေးဆွဲနေပြီဖြစ်ကြောင်း အထက်မြန်မာပြည် ပညာရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းဆောင်မှ မဇ္ဈိမကို ပြောသည်။

သို့သော် အလယ်တန်းအဆင့်ကို တိုးမြှင့်သင်ကြားရန်ရှိသော်လည်း မည်သည့်အချိန်တွင် စတင်သင်ကြားနိုင်မည်နှင့် အခြား အသေးစိတ်ကိုမူ မသိရှိရသေးပေ။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူလတန်းပညာသင်ကြားရန် အခက်အခဲရှိသူများအတွက် တစ်နိုင်ငံလုံး၌ ပညာရေး ဖုန်ပေါင်း ၈၀ အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသူ/သား ၈၇၃၇ ဦးအား ပညာသင်ကြားပေးလျက်ရှိနေသည်။ မန္တလေး တိုင်း ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ပြောသည်။

"မူလတန်းပညာ လုံးဝ မသင်ကြားနိုင်သူတွေနဲ့ မူလတန်းကို ပြီးအောင် မနေနိုင်သူတွေကို အဓိက သင်ကြားပေး
နေတယ်။ စာမတတ်သူ ပပျောက်ရေးအတွက်လည်း ပါတာပေါ့။ ကျောင်းပြင်ပ မူလတန်းပညာရေး ဖွင့်လှစ်သင်ကြား
ပေးနေတဲ့ ကျောင်းတွေက ဆရာ/ ဆရာမတွေကိုလည်း ကျောင်းပြင်ပ ပညာရေးဖုန်အဆင့် သီးသန့် နည်းပြသင်တန်း
တွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်"ဟု မန္တလေးတိုင်းပညာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း က ပြောသည်။

ကျောင်းပြင်ပ ပညာရေးဖုန်များကို ၂၀၀၉ ခုနှစ်မှစတင်ကာ မြို့နယ် ၁၂ မြို့နယ်တွင် ဖွင့်လှစ် သင်ကြားခဲ့ရာ ကျောင်းသူ/သားပေါင်း ၂,၁၉၁ ဦးအား သင်ကြားပေးခဲ့သည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မြို့နယ်တွင် ကျောင်းသား ၁,၀၀၀ ကျော် တိုးလာခဲ့ပြီး ၃,၅၁၃ ဦးအထိ ရှိလာခဲ့သည်။ ၂၀၁၁-၂၀၁၂ ပညာ သင်နှစ်တွင် မြို့နယ် ၄၈ မြို့နယ်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ကျောင်းသူ/သား ၈,၀၁၁ ဦးကို သင်ကြားပေးခဲ့ သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်မူ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်း မြို့နယ် ၇၃ မြို့နယ်တွင် တိုးချဲ့ ဖွင့်လှစ်ကာ ၈,၇၀၉ ဦးကို သင်ကြားပေးခဲ့ပြီး ယခု ၂၀၁၃- ၂၀၁၄ ပညာသင်နှစ်တွင်မူ မြို့နယ်ပေါင်း ၈၀ တွင် ကျောင်းသား ၈,၇၃၇ ဦးကို သင်ကြားပေးနိုင်ခဲ့ပြီဟု ဦးစိုးမြင့်ထွန်းက ရှင်းပြသည်။

"ကျွန်တော်တို့ မန္တလေးမှာက မဟာအောင်မြေမြို့နယ် ပါမယ်။ ပြည်ကြီးတံခွန်မြို့နယ် ပါမယ်။ သပိတ်ကျင်းမြို့နယ် ပါမယ်။ ကျန်တာကတော့ တခြားမြို့ရွာတွေပေါ့။ သီးခြားကျောင်းမရှိပါဘူး။ လက်ရှိကျောင်းတွေမှာပဲ ညနေပိုင်းတွေ ဖွင့်နေတာပါ"ဟု မန္တလေးတိုင်း ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ပြောသည်။

ကျောင်းပြင်ပ ပညာရေးဖုန်တွင် သင်ကြားပေးမည့် ဆရာ/ဆရာမများအား အောက်တိုဘာလ ၂၀ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ နည်းပြသင်တန်းဖွင့်လှစ်ခဲ့ပြီး မူလတန်းပြ ဆရာ/ဆရာ မ ၁၄၁ ဦး တက်ရောက် ခဲ့သည်။

ကျောင်းပြင်ပ မူလတန်းပညာရေးကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာမြို့နယ်၊ အရာတော်

မြို့နယ်၊ တန့်ဆည်မြို့နယ်၊ ကလေးမြို့နယ်တို့နှင့် တနင်္သာရီတိုင်းအတွင်းရှိ ထားဝယ်မြို့နယ်၊ လောင်းလုံမြို့နယ်၊ မြိတ်မြို့နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် နေပြည်တော်တို့တွင် အကောင်အထည်ဖော်နေသည်။

```
(function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));
```

Post by Mizzima - News in Burmese .